# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ ) အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက် ပြန်ကြားပေးခဲ့ပါသည်။

၂။ ၃၁ - ၅ - ၂၀၂၃ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ်(၁၉/၂၀၂၃)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာန (၂)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေးအဆိုပြုချက် (၃)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့် ဝန်ထမ်း(၂)ဦးနှင့် သတ်မှတ်လုပ်သက်ကို လျှော့ပေါ့၍ အထူးကိစ္စရပ်အနေဖြင့် ဝန်ထမ်း(၂)ဦး၊ စုစုပေါင်းဝန်ထမ်း(၄)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့်<br>အဖွဲ့အစည်း | အဆိုပြု<br>ဝန်ထမ်း<br>ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့်<br>အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု<br>ကော်မတီအစည်းအဝေးမှ<br>ရာထူးတိုးမြှင့်ခန့်ထားရန်<br>သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု<br>ရာထူးဝန်အဖွဲ့မှ<br>အဆိုပြုချက်လက်ခံ<br>ရရှိသည့်နေ့ရက် | လိုအပ်သည့်<br>အချက်အလက်များ<br>ပြီးပြည့်စုံသည့်<br>နေ့ရက် | ပြည်ထောင်စုရာထူးဝန်<br>အဖွဲ့ အစည်းအဝေးက<br>သဘောတူညီခဲ့သည့်<br>နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန<br>(က) ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | (၂)ဦး | ၂၇-၄-၂၀၂၃ | ၁၈-၅-၂၀၂၃ | ၂၄-၅-၂၀၂၃ | ၃၁-၅-၂၀၂၃<br>(၁၉/၂၀၂၃) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| | (ခ) မြန်မာနိုင်ငံကုန်သွယ်ရေးကောလိပ် | (၁)ဦး (လုပ်သက်လျှော့) (အထူး) | ၁၆-၃-၂၀၂၃ | ၁၉-၅-၂၀၂၃ | ၂၂-၅-၂၀၂၃ | ၃၁-၅-၂၀၂၃ (၁၉/၂၀၂၃) |
| ၂။ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန - အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) | (၁)ဦး (လုပ်သက်လျှော့) (အထူး) | ၁၇-၂-၂၀၂၃ | ၁၈-၅-၂၀၂၃ | ၂၃-၅-၂၀၂၃ | ၃၁-၅-၂၀၂၃ (၁၉/၂၀၂၃) |